# Capacity Waivers for Family Home Providers (မိသားစုနေအိမ်သဖွယ်ဂေဟာတွင် ဝန်ဆောင်မှုပေး သူများအတွက် အရေအတွက်ကန့်သတ်ချက် ဖြေလျှော့ ပေးမှု)



## မိသားစုနေအိမ်သဖွယ်ဂေဟာတွင် ဝန်ဆောင်မှုပေးသူများအတွက် အရေအတွက် ကန့်သတ်ချက် ဖြေလျှော့ပေးမှုဆိုတာ ဘာလဲ။

Washington ပြည်နယ် ဥပဒေ RCW 43.216.692 အရ မိသားစုနေအိမ်သဖွယ်ဂေဟာတွင် ကလေး ပြုစု စောင့်ရှောက်မှုပေးသူများသည် WAC 110-300-0358 တွင် သတ်မှတ်ပြဋ္ဌာန်းထားသော လိုအပ်ချက်များကို ပြည့်မီသည့် DCYF ဖြေလျှော့ပေးမှုအတွက် ခွင့်ပြုချက်ရယူပြီး ကလေး 12 ဦးထက်ပို၍ ပြုစုစောင့်ရှောက်ပေးနိုင်ပါသည်။

## တောင်းဆိုထားသော စုစုပေါင်းအရေအတွက်

ဝန်ဆောင်မှုပေးသူများအနေဖြင့် စောင့်ရှောက်ပေးနိုင်မည့် အရေအတွက်အား ဖြေလျှော့ပေးရန် တောင်းဆိုရာတွင် ကလေး 12 ဦးနှင့် 16 ဦးကြားသာ ဖြစ်ရမည်။

## ကလေးများ၏ အသက်

သင် လက်ခံစောင့်ရှောက်ပေးမည့် အငယ်ဆုံးကလေးမှစ၍ အကြီးဆုံးကလေးအထိ ၎င်းတို့၏အသက်များကို ထည့်ပါ (သင်လက်ရှိ ပြုစုစောင့်ရှောက်ပေးနေသော ကလေးများသာ မကပါ)။

## အသက် နှစ်နှစ်အောက် ကလေးများ

သင်လက်ခံစောင့်ရှောက်ပေးလိုသည့် အသက် နှစ်နှစ်အောက်ကလေး စုစုပေါင်း အရေအတွက်။ သို့ရာတွင် ဤဖြေလျှော့ပေးမှုတွင် အသက်နှစ်နှစ်အောက်ကလေး ခြောက်ယောက်ထက်ပို၍ လက်မခံရန် ကန့်သတ်ချက်တစ်ခု သတ်မှတ်ထားသည်။

## လိုအပ်သော အတွေ့အကြုံ

မိသားစုနေအိမ်သဖွယ်ဂေဟာတွင် လိုင်စင်ရကလေးပြုစုစောင့်ရှောက်သူအဖြင့်၊ စင်တာ ဒါရိုက်တာအဖြစ်၊ ပရိဂရမ် ကြီးကြပ်ရေးမှူးအဖြစ်၊ ခေါင်းဆောင်ဆရာ/ဆရာမအဖြစ် သို့မဟုတ် တူညီသော ရာထူးရှိသူ တစ်ဦးအဖြစ် အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရပါမည်။

## လိုအပ်သော ပညာရေး/သင်တန်း

သတ်မှတ်ချက်ပြည့်မီရန်အတွက် Washington ပြည်နယ် ရက်တိုအခြေခံသင်တန်း အသိအမှတ်ပြုလက်မှတ် သို့မဟုတ် MERIT က အတည်ပြုထားသော အလားတူအသိအမှတ်ပြုလက်မှတ်တစ်ခု ရရှိရမည်။ ထို့အပြင် သင့်ဝန်ထမ်းများတွင် ကနဦးအသိအမှတ်ပြုလက်မှတ် သို့မဟုတ် MERIT ကအတည်ပြုထားသော အလားတူ အသိအမှတ်ပြုလက်မှတ် ရရှိထားသည့် ဒုတိယလူတစ်ဦး ရှိရပါမည်။

## ဒေသတွင်း မြို့/နိုင်ငံဇုန်အလိုက် လိုအပ်ချက်များ-

ဥပမာများ (ဒေသဆိုင်ရာ လိုအပ်ချက်များသည် ကွဲပြားပါမည်)-

- လက်ခံစောင့်ရှောက်ပေးသည့်အိမ်သည် လိုအပ်ချက်များကို ပြည့်မီမှုရှိကြောင်း သေချာစေရန်အတွက် ကောင်တီ သို့မဟုတ် မြို့တော်၏ စစ်ဆေးမှုကို ခံယူရမည်
- ခွင့်ပြုထားသော ရေဖြန်းစနစ် (မြို့နှင့် ကောင်တီအများစု)
  *ထိုစနစ်အတွက် ကန်ထရိုက်တာတစ်ဦးလိုအပ်နိုင်သောကြောင့် ၎င်းကိစ္စကို စတင်စဉ်းစားရန် တိုက်တွန်းလိုပါသည်*
- မီးဖိုချောင်ထဲတွင် အပူထောက်လှမ်းစနစ် လိုအပ်သည်
- ဓာတ်အားပြတ်တောက်သည့်အခါ အထွက်လမ်းကို အလိုအလျောက်မီးထွန်းပေးမည့်စနစ် လိုအပ်ပါသည်

## လိုအပ်သော အဆောက်အအုံအတွင်းနေရာအကျယ်အဝန်း

- (မည်သည့် အသက်အရွယ်မဆို) ကလေးတစ်ဦးလျှင် 35 စတုရန်းပေ လိုအပ်ပြီး နေရာသည် ကလေးပြုစုစောင့်ရှောက်ရေးအတွက် DCYF ၏ လိုင်စင်ရရှိထားသည့်နေရာ ဖြစ်ရပါမည်။
- ထို့အပြင် DCYF ၏ လိုင်စင်ရပြီးဖြစ်သည့် ကလေးစောင့်ရှောက်ရာနေရာတွင် အသက်နှစ်နှစ်အောက် ကလေးတစ်ဦးစီအတွက် ထပ်တိုး 15 စတုရန်းပေ ရှိရပါမည်။
- လုံလောက်သည့် နေရာအကျယ်အဝန်းရှိကြောင်း သေချာစေရန် ကလေးပြုစုစောင့်ရှောက်ရေးအတွက် လိုင်စင်ထုတ်ပေးသည့်အဖွဲ့ဝန်ထမ်းက သင့်နေရာအကျယ်အဝန်းကို တိုင်းတာနိုင်ပါသည်။

## လိုအပ်သည့် ပြင်ပနေရာ

- (မည်သည့်အသက်အရွယ်ဖြစ်စေ) ကလေးတစ်ဦးလျှင် 75 စတုရန်းပေ လိုအပ်ပြီး နေရာသည် DCYF ၏ လိုင်စင်ရထားသော ကလေးစောင့်ရှောက်ရန်နေရာ ဖြစ်ရပါမည်။
- သင့်တွင် လိုအပ်သော ပြင်ပနေရာအကျယ်အဝန်း မရှိပါက *ဝန်ထမ်းအင်အား အစီအစဉ်နှင့် နေရာအသုံးပြုမှု* အပိုင်းတွင် ကလေးများကို သင်မည်သို့ လှည့်ပတ်ထားရှိမည်ကို ရေးသားတင်ပြနိုင်ပါသည်။

## လိုအပ်သည့် အိမ်သာနှင့် လက်ဆေးဘေစင်များ

သန့်စင်ခန်းအသုံးပြုတတ်သည့်အရွယ် 15 ယောက်လျှင် အိမ်သာနှင့် လက်ဆေးဘေစင်တစ်ခု ရှိရပါမည်။ ၎င်းတွင် ထိုနေရာ၌နေထိုင်သူများ၊ ဝန်ထမ်းများနှင့် ကလေးများအားလုံး ပါဝင်သည်။ ဝန်ထမ်းများနှင့် နေထိုင်သူများသည် လိုင်စင်မယူထားသည့်နေရာများရှိ အိမ်သာများနှင့် လက်ဆေးဘေစင်များကို အသုံးပြုနိုင်သော်လည်း စောင့်ရှောက်ခံကလေးများကမူ ၎င်းတို့ကို အသုံးပြု၍မရပါ။ DCYF သည် အိမ်သာများနှင့် လက်ဆေးဘေစင်များ၏ တည်နေရာနှင့် သင့်ဝန်ထမ်းများ၏ လိုအပ်ချက်များအတိုင်း ဆောင်ရွက်ပေးနိုင်မည့် သင့်အစီအစဉ်ကို လိုအပ်ပါမည်။ *ဝန်ထမ်းအင်အားအစီအစဉ်နှင့် နေရာအသုံးပြုမှု အပိုင်း*တွင် အိမ်သာများနှင့် လက်ဆေးဘေစင်များကို စီမံခန့်ခွဲပုံနှင့် ပတ်သက်၍ ရေးသားထားသောအစီအစဉ်ကို တင်ပြပေးပါ။

## မိလ္လာစနစ် အတည်ပြုချက်

ကလေးစောင့်ရှောက်ရေးဂေဟာတွင် မိလ္လာကန်ရှိပါက ပြည်သူ့ကျန်းမာရေး သို့မဟုတ် အခြားအရည်အချင်းပြည့်မီသော မိလ္လာစနစ်စစ်ဆေးရေးအရာရှိထံမှ အတည်ပြုချက်ရယူရန် လိုအပ်ပြီး သင့်မိလ္လာစနစ်သည် အိမ်ထောင်စုဝင်များ၊ ဝန်ထမ်းများနှင့် တောင်းဆိုထားသော ကလေးအရေအတွက်အပါအဝင် စုစုပေါင်းလူအရေအတွက် ကိုက်ညီမှုရှိကြောင်း ပြသရန် လိုအပ်ပါသည်။

## အစီအစဉ်၏ သတ်မှတ်ချက်များ

မိသားစုနေအိမ်သဖွယ်ဂေဟာရှိ ကလေးစောင့်ရှောက်ပေးသူသည် အစီအစဉ်တွင် စာရင်းသွင်းထားသော ကလေးတစ်ဦးစီ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုံလောက်သောပစ္စည်းများကို ပံ့ပိုးပေးရမည်-

- ဗီရိုငယ်များ/ကလေး၏ ပစ္စည်းများထားရန် နေရာ
- အိပ်စက်ရန် ဖျာများ/ခေါက်ခုတင်များ
- ပုခက်များ/ကစားခြံဝင်းငယ်များ/ခေါက်၍ရသည့် ဘက်စုံသုံး ကလေးပုခက်များ
- ထိုင်ခုံများပါသည့် စားပွဲများ
- အရုပ်များ
- ဂိမ်းများ
- သင်ကြားရေးပစ္စည်းများ
- ပြင်ပသုံးပစ္စည်းကိရိယာများ
- WAC 110-300 တွင်ဖော်ပြထားသည့် အခြားအရာများ

## အရေးပေါ်အတွက် ကြိုတင်ပြင်ဆင်မှု

စောင့်ရှောက်နေသည့် ကလေးအရေအတွက်အလိုက် ကိုက်ညီမှုရှိစေရန် သင်၏ အရေးပေါ်အတွက် ကြိုတင်ပြင်ဆင်မှုအစီအစဉ်ကို အပ်ဒိတ်လုပ်ရန် လိုအပ်ပါသည်။ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ထားပါက ထိုအပ်ဒိတ်လုပ်ထားသော အစီအစဉ်ကို ကလေးပြုစုစောင့်ရှောက်မှုလိုင်စင်ထုတ်ပေးသည့်ဝန်ထမ်းထံ ပေးပို့၍ အတည်ပြုချက်ရယူပါ။

## ဝန်ထမ်းအင်အားအစီအစဉ်နှင့် နေရာအသုံးပြုမှု

ဤအပိုင်းတွင် အပိုရှင်းလင်းချက် သို့မဟုတ် ခွင့်ပြုချက် လိုအပ်သည့် အိမ်သာနှင့် လက်ဆေးဘေစင်များ၊ ပြင်ပကစားကွင်းများကဲ့သို့ အရာများနှင့်ပတ်သက်ပြီး သင် အသေးစိတ်ရှင်းပြနိုင်သည်။

## အရေအတွက်ကန့်သတ်ချက် ဖြေလျှော့ပေးမှုအတွက် တောင်းဆိုမှုများ-

- ဒေသတွင်း မြို့/ကောင်တီက အတည်ပြုထားသော မိသားစုနေအိမ်သဖွယ်ဂေဟာတွင် ဝန်ဆောင်မှုပေးသူများအတွက် အရေအတွက်ကန့်သတ်ချက် ဖြေလျှော့ပေးမှုဆိုင်ရာ စစ်ဆေးရန်စာရင်းကို ရယူရန်- **https://www.dcyf.wa.gov/forms?field_number_value=10-019&title=**
- အတည်ပြုထားသော ဆောင်ရွက်ရန်စာရင်းနှင့် အရေအတွက်ကန့်သတ်ချက် ဖြေလျှော့ပေးမှု တောင်းဆိုချက် ဖောင်ကို ဝန်ဆောင်မှုပေးသူပေါ်တယ်မှတစ်ဆင့် ပေးပို့ပါ။

### မေးစရာရှိလျှင် မည်သူ့ကို ဆက်သွယ်ရမည်နည်း။

ဒေသတွင်း ကလေးစောင့်ရှောက်မှုလိုင်စင်ရုံး သို့မဟုတ် ကလေးစောင့်ရှောက်မှုလိုင်စင်ထုတ်ပေးသူကို ဆက်သွယ်ပေးပါ။

## အရေးကြီးသည့် လင့်ခ်များ

RCW 43.216.692- **https://app.leg.wa.gov/rcw/default.aspx?cite=43.216.692#:~:text=The%20department%20may%20waive%20the,not%20more%20than%2012%20children.**

WAC 110-300-0358- **https://app.leg.wa.gov/WAC/default.aspx?cite=110-300-0358**

ရက်တိုအခြေခံသင်တန်း အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အလားတူ လက်မှတ်- **https://www.dcyf.wa.gov/services/early-learning-providers/qualifications/child-care-providers**

MERIT- **https://apps.dcyf.wa.gov/MERIT**

WAC 110-300- **https://app.leg.wa.gov/wac/default.aspx?cite=110-300**

အရေးပေါ်အတွက် ကြိုတင်ပြင်ဆင်မှုအစီအစဉ်- **https://app.leg.wa.gov/WAC/default.aspx?cite=110-300-0470**

ကလေးသူငယ်စောင့်ရှောက်မှု လိုင်စင်ရုံး-**https://dcyf.wa.gov/find-an-office/el-offices**

## မိသားစုနေအိမ်သဖွယ်ဂေဟာ အစောပိုင်း သင်ယူမှု အစီအစဉ်များဆိုင်ရာ အရေအတွက်သတ်မှတ်ချက်ဇယား အသက် 13 နှစ်နှင့်အထက် အရေအတွက်ကန့်သတ်ချက် လျှော့ပေါ့ပေးမှု

*အကိုးအကား WAC 110-300-0358*

| အသက်/အဖွဲ့ | အများဆုံးအချိုးအစား | အသက်အပိုင်းအခြား | အသက် 2 နှစ်အောက်ကလေး ကန့်သတ်ချက် |
|---|---|---|---|
| **2-12 နှစ်** | **1:8**<br>ပြုစုစောင့်ရှောက်နေသည့် ကလေး 13 ဦးနှင့်အထက်ရှိလျှင် အနည်းဆုံး ဝန်ထမ်းနှစ်ဦးရှိရမည် (လိုင်စင်ရရှိသူ အပါအဝင်) | အသက် 2 နှစ်မှ 12 အတွင်း အရွယ်စုံ | အသက် 2 နှစ်အောက်ကလေးမရှိပါ |
| **မွေးကင်းစမှ အသက် 12 နှစ်အတွင်း** | **1:6**<br>ပြုစုစောင့်ရှောက်နေသည့် ကလေး 13 ဦးနှင့်အထက်ရှိပါက ဝန်ထမ်း အနည်းဆုံးသုံးဦး ရှိရမည် (လိုင်စင်ရရှိသူ အပါအဝင်) | အသက်နှစ်နှစ်အောက်ကလေး အနည်းဆုံး နှစ်ဦးသည် အကူအညီမပါဘဲ လမ်းလျှောက်တတ်သည် | 6 |
| | | အသက်နှစ်နှစ်အောက်ကလေး အနည်းဆုံး တစ်ဦးသည် အကူအညီမပါဘဲ လမ်းလျှောက်တတ်သည် | 5 |
| | | အသက်နှစ်နှစ်အောက် ကလေးအားလုံးသည် အကူအညီမပါဘဲ လမ်းမလျှောက်တတ်ပါ | 4 |

*သင်သည် မသန်စွမ်းသူတစ်ဦးဖြစ်ပြီး အမေရိကန်မသန်စွမ်းသူများ အက်ဥပဒေအရ ပေးထားသည့် သင့်အခွင့်အရေးများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိပါက အွန်လိုင်းမှတစ်ဆင့် တိုင်ကြားနည်း အချက်အလက်များနှင့် ညွှန်ကြားချက်များကို သိရှိရန် ခွဲခြားဆက်ဆံမှုမရှိစေရေး ပြည်သူများထံအကြောင်းကြားစာ (HR_0012) ထုတ်ပြန်ချက်ကို **www.dcyf.wa.gov/publications-library/HR_0012** တွင် ကြည့်ရှုပါ။*

*ဤထုတ်ပြန်ချက်မိတ္တူကို အခြားပုံစံဖြင့်ဖြစ်စေ၊ ဘာသာစကားဖြင့်ဖြစ်စေ အခမဲ့ ရယူလိုပါက DCYF ကလေးသူငယ်ရေးရာ ဆက်ဆံရေးရုံး၊ ဖုန်းနံပါတ် 1-800-723-4831 သို့ ဆက်သွယ်ပါ သို့မဟုတ် **communications@dcyf.wa.gov** သို့ အီးမေးလ်ပို့ပါ။*

DCYF PUBLICATION LIC_0063 BS (01-2025) Burmese